ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ( ၃ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်

**COVID-19 Economic Relief Plan အရ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေ (Commercial Loan) ကာလတို (၃) နှစ် ချေးငွေထုတ်ချေးမည့် အစီအစဉ်နှင့်ပတ်သက်သည့်ညွှန်ကြားချက်**

၁။ COVID-19 Economic Relief Plan ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၀) ကြို့တင်ခွင့်ပြုချက်အရ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ် ၁၀၀ ဘီလီယံအား မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေ (Commercial Loan) ကာလတို (၃) နှစ် ထုတ်ချေးမည်ဖြစ်ပါသည်။

**ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ဆောင်ရွက်ရမည့်အချက်များ**

၂။ မြန်မာ့စီးပွားရေးဘဏ်မှ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထုတ်ချေးမည့် ချေးငွေသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ချေးငွေဆိုင်ရာအချက်အလက်များ**

(၁) အပေါင်ပစ္စည်းပေးနိုင်ပါက

| | | |
|---|---|---|
| (ကက) | **ချေးငွေအမျိုးအစား။** | နှစ်တိုချေးငွေ (၃ နှစ်) |
| (ခခ) | **အတိုးနှုန်း။** | တစ်နှစ်လျှင် ၉% ထက်မများသောအတိုးနှုန်း |
| (ဂဂ) | **ဆိုင်းငံ့ကာလ။** | ၁ နှစ် |
| (ဃဃ) | **အတိုးပေးသွင်းမှု။** | ၃ လ တစ်ကြိမ် |
| (ငင) | **ပြန်ဆပ်ကာလ။** | ကျန် ၂ နှစ်အတွင်း ၄ ကြိမ်ခွဲ၍ အပြည့်အဝ ပြန်လည်ပေးဆပ်ရမည်။ |
| (စစ) | **ဖြေလျှော့ချက်။** | သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းက ချေးငွေ သက်တမ်းတိုး ဆောင်ရွက်လိုပါက ချေးငွေ ထုတ်ချေးရေး ဦးဆောင်ကော်မတီသို့တင်ပြ၍ ခွင့်ပြုချက် ရရှိပါက သက်တမ်းတိုးဆောင်ရွက်နိုင်သည်။ |

(၂) အပေါင်ပစ္စည်းမပေးနိုင်ပါက

| | | |
|---|---|---|
| (ကက) | **ချေးငွေအမျိုးအစား။** | နှစ်တိုချေးငွေ (၃ နှစ်) |
| (ခခ) | **အတိုးနှုန်း။** | တစ်နှစ်လျှင် ၁၁.၅%ထက်မများသောအတိုးနှုန်း |
| (ဂဂ) | **ဆိုင်းငံ့ကာလ။** | ၁ နှစ် |

(ဃဃ) **အတိုးပေးသွင်းမှု။** ၃ လ တစ်ကြိမ်

(ငင) **ပြန်ဆပ်ကာလ။** ကျန် ၂ နှစ်အတွင်း ၁ နှစ်လျှင် ၂ ကြိမ်ဖြင့် ၄ ကြိမ်အတွင်း အပြည့်အဝ ပေးဆပ်ရမည်။

(စစ) **ဖြေလျှော့ချက်။** သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းက ချေးငွေ သက်တမ်းတိုး ဆောင်ရွက်လိုပါက ချေးငွေ ထုတ်ချေးရေး ဦးဆောင်ကော်မတီသို့တင်ပြ၍ ခွင့်ပြုချက် ရရှိပါက သက်တမ်းတိုးဆောင်ရွက်နိုင်သည်။

၃။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ အောက်ပါစံနှုန်းများနှင့် ပြည့်စုံရမည်-

(က) **ပြည့်စုံရမည့်စံနှုန်းများ**

(၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိပြီးဖြစ်ရမည်။

(၂) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ဖြစ်ရမည်။

(၃) နိုင်ငံတော်သို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများ ပေးဆောင်ပြီးဖြစ်ရမည်။

(၄) ချေးငွေအား သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးဆပ်ရန် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အာမခံချက်ပါရှိရမည်။

၄။ ချေးငွေရယူလိုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါ အချက်များကို ပြည့်စုံစွာဖော်ပြ၍ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေး အသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန(ရုံးချုပ်)သို့ လျှောက်ထားရမည်-

(က) ချေးငွေလျှောက်လွှာ

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလိုင်စင်ခွင့်ပြုချက်

(ဂ) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ စုစုပေါင်းထည့်ဝင်ပြီးမတည်ငွေရင်း။ (        ) ကျပ်သန်း

(ဃ) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ထုတ်ချေးငွေလက်ကျန်စုစုပေါင်း။ (        ) ကျပ်သန်း

(င) ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ပြည်တွင်း/ပြည်ပချေးငွေ ရယူထားသော ချေးငွေလက်ကျန် ပမာဏ။ နိုင်ငံခြားငွေ (    ) သန်း၊ မြန်မာကျပ်ငွေ (     ) သန်း- နောက်ဆက်တွဲဖြင့် ဖော်ပြရန်

(စ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ် နောက်ဆုံးစစ်ဆေးခဲ့သည့် စစ်ဆေးချက်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ (လက်ကျန်ရှင်းတမ်း၊ အရှုံး အမြတ်ရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်း (Cash Flow Statement))

(ဆ) ချေးငွေရယူရန် BOD အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်မှတ်တမ်း

(ဇ) မိခင်ကုမ္ပဏီရှိပါက မိခင်ကုမ္ပဏီ၏ သဘောတူခွင့်ပြုချက်အထောက်အထား

(ဈ) ရယူလိုသည့် ချေးငွေပမာဏ

(ည) အသင်းသားအရေအတွက်၊ ထုတ်ချေးထားသည့်ချေးငွေအမျိုးအစား (စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဝန်ဆောင်မှု၊ ကူးသန်းရောင်းဝယ်ရေး)

(ဋ) ချေးငွေပြန်လည်ပေးဆပ်ရန် ဆောင်ရွက်မည့်အစီအစဉ်

(ဌ) လုပ်ငန်းဆောင်ရွက်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ

(ဍ) တင်သွင်းနိုင်သည့်အပေါင်ပစ္စည်းအမျိုးအစား

(၁) မရွှေ့မပြောင်းနိုင်သောပစ္စည်းများ (မြေနှင့်အဆောက်အဦ)

(၂) ပုံစံ ၇ ၊ လန (၃၉) ၊ လယ (၃၀ က) နှင့် (၁) အရ အခြားနည်းဖြင့် သုံးစွဲခွင့်ရသော မြေငှားလိုင်စင်/ဂရံ/ဘိုးဘွားမြေ

(၃) ရွှေ့ပြောင်းနိုင်သောပစ္စည်းများ (စက်၊ ယာဉ်၊ ယန္တရား)

(၄) နိုင်ငံခြားငွေ

**အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ**

၅။ COVID-19 ရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မိမိတို့ရယူလိုသော ချေးငွေပမာဏကို မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှတစ်ဆင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(ခ) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှခွင့်ပြုသည့် ချေးငွေရယူရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ချေးငွေသဘောတူစာချုပ်ချုပ်ဆိုရမည်။

(ဂ) ဤအစီအစဉ်မှ ချေးငွေရယူထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်နိုင်ရေး ဆောင်ရွက်ရမည်။

(ဃ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

**မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ ဆောင်ရွက်ပေးရမည့်အချက်များ**

၆။ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ချေးငွေရယူလိုသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ တင်ပြလာသော ချေးငွေလျှောက်ထားမှုများကို စုစည်း၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ ပေးပို့တင်ပြရမည်။

(ခ) ချေးငွေရယူသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက ၎င်းတို့ချေးယူထား ငွေများအား သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ပေးဆပ်ရေးအတွက် ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) ချေးငွေပေးဆပ်မှု နောက်ကျ/ပျက်ကွက်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများအား တရားမကျင့်ထုံးဥပဒေအရ အရေးယူ ဆောင်ရွက်ရာတွင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့ကို ကူညီဆောင်ရွက်ရမည်။

(စိုးဝင်း)

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်း

ကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆ (၅၃၁ / ၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၃ ရက်

**ဖြန့်ဝေခြင်း**

- အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
- မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း
- ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှူးအားလုံး

- စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
- အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု
  ကော်မတီဝင်များအားလုံး
- ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊
  ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း
  ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

အမိန့်အရ

(ဇော်နိုင်)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်း
ကြီးကြပ်မှုကော်မတီ